
ဇာမဏီ
မိစ္ဆာချစ်သူ

## အပိုင်း (၁)

ကမ္ဘာအနှံ့အပြား၌ တိရစ္ဆာန်မှ လူအဖြစ်သို့ ပြောင်းလဲဖန်ဆင်းနိုင်သော မိစ္ဆာသတ္တဝါများ ရှိသည်ဟူသော အယူအဆသည် ယနေ့တိုင် ရှိနေကြဆဲပါ။

ဥရောပတိုက်၌ ယုံကြည်မှုများပြီး ရေပန်းစားသော (werewolf) သမန်းဝံပုလွေ များကတော့ အနောက်တိုင်း ရုပ်ရှင်များကြောင့် လူသိများနေခဲ့ပြီ ဖြစ်သည်။ ၁၅၂၀မှ ၁၆၃၀ ဝန်းကျင်အထိ နှစ်ပေါင်း၁၀၀ကျော် အတွင်း ပြင်သစ်နိုင်ငံတစ်ခုထဲ၌ပင် သမန်းဝံပုလွေနှင့် ပတ်သက်သည့် အမှုပေါင်း ဖြစ်ရပ်ပေါင်း ၃၀၀၀၀ကျော် ရှိသည်ဟု မှတ်တမ်းရှိခဲ့သည်။

အချို့ကလည်း သမန်းဝံပုလွေဆိုသည်မှာ "လိုင်ကန်သရပီ"ဟုခေါ်သော စိတ်ရောဂါရှိသော သူများသာ ဖြစ်သည်ဟု ဆိုကြပြန်၏။ ၎င်းတို့သည် မိမိကိုယ်မိမိ အမှန်တကယ်ပင် ဝံပုလွေအသွင် ပြောင်းသွားပြီဟု စိတ်တွင်စွဲထင်စေပြီး ဝံပုလွေစိတ်ဖြင့် လက်စားချေခြင်း၊ အမဲလိုက်ခြင်းများကို ပြုလုပ်သည်ဟု ဆိုသည်။ စင်စစ် ၎င်းတို့မှာ လူကိုယ်နှင့် ဝံပုလွေစိတ်သာ ဖြစ်၏။

ကိုရီးယားလူမျိုးတို့ ယုံကြည်ကြသော အမြီးကိုးချောင်းရှိသော နှစ်၁၀၀၀ မြေခွေးမိစ္ဆာမှာလည်း ယခုအခါ ကမ္ဘာကျော်သတ္တဝါ ဖြစ်နေချေ၏။ စာရေးသူကိုယ်တိုင်ပင် လူယောင်ဖန်ဆင်းနိုင်သော မြေခွေးမိစ္ဆာနှင့် လူသားမိန်းကလေးတို့ ချစ်ကြိုက်သော ကိုရီးယား ရုပ်ရှင်ကားတစ်ကားကို စွဲလမ်းခဲ့ဖူး၏။

ကျွန်တော်တို့ မြန်မာအယူအဆအရ ၎င်း လူအသွင်ဖန်ဆင်းနိုင်သော မြေခွေးလူသားသည် ကမ္မဇိတ္တိတန်ခိုးရှိသော နတ်မိစ္ဆာတစ်မျိုးသာ ဖြစ်နိုင်ပါသည်။

တရုတ်ဒဏ္ဍာရီများတွင်လည်း တိရစ္ဆာန်မိစ္ဆာများသည် နှစ်ပေါင်းရာထောင်ချီ တရားကျင့်ကြံလျှင် ကမ္မဇိတ္တိတန်ခိုး မြင့်မားလာကာ လူအသွင် ဖန်ဆင်းလာနိုင်ကြသည်ဟူ၍ ဖော်ပြထား၏။

အာရှနိုင်ငံများ၌ သမန်းကျား၊ သမန်းကျားသစ်၊ သမန်းမိကျောင်းများ စသဖြင့် ဒဏ္ဍာရီလာ သတ္တဝါပုံပြင်များကား ယနေ့တိုင် ပုံစံအမျိုးမျိုး မူကွဲအမျိုးမျိုး ကြားနေရဆဲပါ။

ကျွန်တော်တို့ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် ထင်ရှားသော သမန်းသတ္တဝါမှာ သမန်းကျား ဖြစ်သည်။ ၎င်းတို့သည် လပြည့်လကွယ်ညများ၌ လူအဖြစ်မှ ကျားအသွင်ပြောင်းကာ အမဲလိုက်လေ့ ရှိကြသည်ဟု ဆိုသည်။ အသေးစိတ်ကိုတော့ စာရှည်မည်ဆိုး၍ မဖော်ပြတော့ပြီ။

စစ်ကိုင်းတိုင်း ချင်းတွင်းမြစ်ကမ်းနံဘေး တစ်နေရာ၌ရှိသော ထံမသီရွာသည် တစ်ချိန်က သမန်းကျားမျိုးနွယ်များ ရှိခဲ့သည်ဟူ၍ လူသိများလေ၏။

သမန်းကျား ယုံကြည်မှုတွင်လည်း အထက်တွင် ဖော်ပြခဲ့သော "လိုင်ကန်သရပီ" စိတ်ရောဂါနှင့် ဆင်တူသော ယုံကြည်မှုတစ်ခုလည်း ရှိသေး၏။

မိမိကိုယ်ကိုယ် ကျားအဖြစ် ပြောင်းလဲသွားပြီဟူ၍ ယုံကြည်ကာ ကျားစိတ်သွင်းပြီး လေးဘက်ထောက် ပြေးလွှားကာ အမဲလိုက်သောသူများလည်း ရှိသည်။ ကျားခန္ဓာကိုယ် တကယ် ပြောင်းသွားခြင်း မဟုတ်ဘဲ စိတ်ကသာ ကိုယ့်ကိုယ်ကိုယ် ကျားဟုထင်နေကြခြင်းသာ ဖြစ်၏။

သို့သော် ထိုကဲ့သို့အချိန်မျိုးတွင် ၎င်းတို့သည် အမှန်တကယ် ကျားတစ်

ကောင်ကဲ့သို့ သန်စွမ်းကာ တကယ့်တိရစ္ဆာန်ကျားများကိုပင် တိုက်ခိုက်အနိုင်ယူနိုင်သည်ဟု ဆိုသည်။

အမှန်စင်စစ် ဂမ္ဘီရပညာဖြင့် ကျားစိတ် အမှန်တကယ်ဝင်ခဲ့သလော သို့မဟုတ် စိတ်ရောဂါသည်များပင်လောဟု သိပ္ပံသမားများက တွေးစရာများ ဖြစ်လာ၏။

သို့သော် ကမ္ဘဇိတ္တိတန်ခိုးဖြင့် လူအသွင်ဖန်ဆင်းနိုင်သော သတ္တဝါများကိုတော့ သိပ္ပံပညာဖြင့် လက်လှမ်းမမီနိုင်သဖြင့် လေ့လာ၍မရနိုင်ပါချေ။

အမှန်တကယ် လူစင်စစ်မှ ကျား၊ ဝံပုလွေများအသွင် ပြောင်းလဲနိုင်ကြသော တိရစ္ဆာန်မိစ္ဆာများ သို့မဟုတ် တိရစ္ဆာန်ကဝေများသည် ဤလောကကြီး၌ အမှန်တကယ်ပင် ရှိနေသည်ဟု ယုံကြည်ကြသူများ ယခု ၂၁ ရာစုတိုင် ရှိနေကြဆဲပါ။

အချို့လည်း သဘာဝလွန်လှသော ကိစ္စဖြစ်သောကြောင့် မယုံကြည်ကြသူများလည်းရှိ၏။

မည်သို့ပင်ဆိုစေ လူသူမနီးသောနေရာများ တောနက်များတွင် ဒဏ္ဍာရီလာသတ္တဝါများသည် ရှိကောင်း ရှိနေနိုင်၏။ သိပ္ပံပညာနှင့် လေ့လာတိုင်းတာ၍ မရနိုင်သော တိရစ္ဆာန်ကဝေများသည် အမှန်တကယ် ရှိသည်ဟူ၍ ယုံကြည်သူများအတွက်သာ ယခုဇာတ်လမ်းကို ကျွန်တော် တင်ဆက်လိုက်ပါသည်။

***

ဆုံတွေ့နေကျ ညောင်ပင်ကြီးအောက်သို့ ငထူးသင် ရောက်နေခဲ့သည်မှာ ထမင်းတစ်အိုးကျက်ခန့်ပင် ကြာနေပြီဖြစ်၏။ ချစ်သူ အိုကြာမှုံကတော့ ယခုတိုင် ရောက်မလာသေးပါ။

နေဝင်ခါနီးအချိန် ရောက်လာပြီမို့ ငထူးသင် ပြန်တော့ရန်စဉ်းစားမိပြီး ညောင်ပင်ကြီးကို ကျောခိုင်းလိုက်၏။

"မောင်ကြီး ..."

"ဟင် ..."

ငထူးသင် ချိုသာလှသောအသံကြောင့် နောက်ဘက်သို့ လှည့်ကြည့်လိုက်မိ၏။ ချစ်ရသူ အိုကြာမှုံပါလား။

သူမက ပါးချိုင့်လေးနှစ်ဖက် နစ်ဝင်အောင် ပြုံးပြနေ၏။ ငထူးသင်၏ ပြိုင်စံရှားလှသော နတ်သမီးလေး အိုကြာမှုံ။

"နှမလေးကလည်း နောက်ကျလှပါရော ... မောင်ကြီးရောက်တာ ကြာလှပါပေါ့ကွယ် ... ဘယ်လိုအရေးတို့ ဆောင်ရွက်နေရလို့ပါလိမ့်"

"ကြာမှုံ တောင်းပန်ပါရဲ့ မောင်ကြီးရယ် အဖ ခိုင်းတာ လုပ်ပေးနေရလို့ပါ"

ငထူးသင်က ပြန်၍ပြုံးပြလိုက်ပြီး...

"နေတောင်ဝင်တော့မယ် နှမရယ် ဒီနေ့တော့ဖြင့် စကားပြောဖို့ရာ အချိန်လင့်နေပြီ"

ငထူးသင်က အိုကြာမှုံ၏ခန္ဓာကိုယ်လေးကို မြတ်နိုးယုယစွာ ပွေ့ဖက်ထားလိုက်၏။

ငထူးသင်က ...

"နှမလေးက နတ်သမီးလိုလှပါရဲ့ ... မောင်ကြီးရဲ့ ရောင်းရင်းအချို့က လူမဟုတ်ဘူးလို့ ဘာကြောင့် ယိုးစွပ်ကြသလဲဆိုတာ တွေးမရဘူးကွယ်"

"မိစ္ဆာဆိုလျှင်ဖြင့် နတ်သမီးလို ချောမောပါတော့မလား ... ဟား ... ဟား ..."

"ပုဂံပြည့်ရှင် အနုရုဒ္ဓါရဲ့ ဥသာမင်းသမီး မဏိစန္ဒာတောင်မှ နှမလေးရဲ့

အလှကို မီမယ် မထင်ပါဘူးကွယ်"

အိုကြာမှုံက ရင်ခွင်ထဲမှနေ၍ ပြုံး၍မေး၏။

"မောင်ကြီး မေးစရာရှိတယ်"

"မေးစေဗျား"

"ကြာမှုံကို ဘယ်လောက်မြတ်နိုးပါသလဲ မေတ္တာစစ်ဖြင့် ချစ်တာ ဟုတ်ပါလေစ"

"ဟား … ဟား … နှမလေးကို ကျုပ် ငထူးသင်ကလေ အသက်ခန္ဓာထက်ပိုပြီး ချစ်ပါပေ့ဗျာ"

အိုကြာမှုံ ပြုံးလိုက်၏။

"ကောင်းပြီ ဒါဖြင့် … မောင်ကြီးရဲ့နှလုံးသားကို နှမလေးက စားလိုတယ်လို့ တောင်းဆိုရင် ပေးမှာလို့ တွေးထားပေတာပ"

"ဟား … ဟား … စားစေဗျား …"

"ကျေးဇူးကြီးလှပါတယ် မောင်ကြီး …"

ဝှစ် …

"အ …"

"သင် … လူ … သားမဟုတ် …"

မြန်ဆန်လွန်းလှသော အဖြစ်ကြောင့် အံ့သြလွန်းသော ထိတ်လန့်နာကျင်လွန်းသော စိတ်က တစ်ပြိုင်နက် ဖြစ်သွားရ၏။

ဘယ်ဘက်ရင်ဘတ် ဟောင်းလောင်းပေါက် ပွင့်လျက် ငထူးသင် မျက်စိအစုံ ပြူးထွက်လျက် လဲကျသွားကာ အသက်ဇီဝိန် ချုပ်ငြိမ်းသွားတော့၏။

အိုကြာမှုံက ယခုတိုင် ပြုံးနေဆဲပါ။ သူမ၏အပြုံးက ရက်စက်မှုနှင့်

လှည့်စားမှုကိုအချိုးကျ ပေါင်းစပ်ထားသော အပြုံးမျိုးဖြစ်၏။

လက်သည်းရှည်များနှင့် သူမ၏ ညာလက်ထဲတွင်တော့ ငထူးသင်၏ နှလုံးသားမှာ တဆက်ဆက် ခုန်နေဆဲပါ။

***

ကျွန်တော် အိပ်မပျော်သေးသဖြင့် ခြံထဲဆင်းကာ ကျောက်ခုံတစ်ခုံပေါ်၌ ထိုင်နေမိ၏။ လပြည့်ည မဟုတ်သေးသော်လည်း လမင်းကြီးမှာ အတော်ပင် ပြည့်ဝန်းနေပြီ ဖြစ်သဖြင့် အအေးဓာတ်ပါသော အလင်းရောင်က လောကတခွင်သို့ ပျံ့နှံ့ရောက်ရှိနေ၏။

ည ၁၂နာရီကျော်ပြီ ဖြစ်သော်လည်း ကော်ဖီသောက်မိ၍လားမသိ အိပ်၍မရ ဖြစ်နေ၏။ လမင်းကို ငေးကောင်းကောင်းနှင့် ငေးနေမိသည်မှာ မိနစ်အတန်ပင် ကြာလောက်ချေပြီ။

ထိုစဉ် ...

ဒုန်း ... ဝုန်း ...

"အ ..."

"ဟင် ..."

ခြံတံခါးဝမှ သံတံခါးကို ထိခိုက်မိသံနှင့် တစ်ပြိုင်နက် မိန်းကလေးတစ်ယောက်၏ အာမေဋိတ်အသံ ... ဤအိမ် ဤခြံကား ကျွန်တော် တစ်ယောက်တည်းသာ အနေများပြီး ခြံစောင့်လည်း ထားလေ့မရှိပါ။

ကျွန်တော် အသံကြားရာ ခြံတံခါးဆီသို့ အမြန်သွားကြည့်မိသည်။

မိန်းကလေးတစ်ယောက် ခြံတံခါး စတီးတိုင်ကိုကိုင်ကာ အားပြုမတ်တတ်ရပ်နေရ၏။

သူမ၏ အနေအထားက ခြံတံခါးတိုင်ကို လွှတ်လိုက်လျှင် လဲကျတော့မည့်

ဟန် ရှိသည်။ အားပြတ် နွမ်းနယ်နေပုံရ၏။

သူမ၏နှုတ်မှလည်း ဝေဒနာတစ်စုံတစ်ရာ ခံစားနေရသည့်နှယ် ညည်းတွားနေ၏။

"အ ... အား ... အာ ..."

ကျွန်တော် သူမကို ခြံတံခါးအတွင်းမှ သေချာအကဲခတ်မိ၏။ တစ်စုံတစ်ခုကို စိုးရွံ့နေပုံရ၏။ သူမ၏ ညာဘက်အခြမ်း သစ်ပင်ရိပ်များရှိသော လမ်းဆီသို့ ထိတ်လန့်သည့် အမူအရာဖြင့် လှမ်းကြည့်နေ၏။

စက္ကန့်ပိုင်းအကြာမှာပင် သူမ ခြံတံခါးသံတိုင်ကို ကိုင်ထားသော သူမလက် ဖျော့လျော့ပြီး လွတ်ကျသွား၏။ သူမလည်း ကွန်ကရစ်ကြမ်းပြင်သို့ အရုပ်ကြိုးပြတ် လဲကျသွားတော့၏။

"ဟာ ... ဟော့ ..."

ကျွန်တော်လည်း ခြံတံခါးကို သော့အမြန်ဖွင့်လိုက်ပြီး အပြင်သို့ ထွက်လိုက်၏။ ကျွန်တော် အပြင်ရောက်သည်နှင့် စောစောက သူမကြည့်နေခဲ့သော သစ်ပင်ရိပ်များရှိသော ညာဘက်လမ်းမှ အနက်ရောင်ဝတ်စုံနှင့် လူတစ်ယောက် အမှောင်တွင်းမှ ထွက်လာ၏။

မလှမ်းမကမ်းပင် ဖြစ်သော်လည်း အမှောင်ရိပ်ကြောင့် မျက်နှာကိုတော့ မြင်တွေ့ရခြင်း မရှိပါ။ သူ၏လက်တွင်း၌ ၁၄လက်မခန့်လောက် အရှည်ရှိ ရှည်မျောမျော အရာတစ်ခုကို တွေ့ရ၏။ တုတ် သို့မဟုတ် ဓားဖြစ်ပေလိမ့်မည်။

ကျွန်တော် ထွက်လာတာမြင်တော့ ထိုသူ ရှေ့ဆက်တိုးမလာတော့ဘဲ ရပ်တန့်သွား၏။

စက္ကန့်ပိုင်းမျှ ရပ်ကြည့်နေပြီးမှ နောက်ဘက် ပြန်လှည့်ထွက်သွားတော့၏။

ကျွန်တော် လှမ်းတားလိုက်သေး၏။

"ဟေ့လူ ခဏနေဦး ... ရပ်စမ်း ..."

ထိုသူက ကျွန်တော့်စကားကို အရေးမလုပ်ပါ။အမှောင်ရိပ်အတွင်းသို့ လျင်မြန်စွာ ပြေးထွက်သွားတော့၏။ ကျွန်တော် ပြေးလိုက်၍ ကြည့်သေးသော်လည်း အစအနပင် မတွေ့တော့။

"ဟင် ... မျက်စိရှေ့တင် ပျောက်သွားတယ် ... မြေလျှိုးမိုးပျံသွားတာများလား"

ကျွန်တော် မကျေမနပ်နှင့်ရေရွတ်ရင်း ခြံရှေ့သို့ ပြန်ပြေးလာခဲ့သည်။ ကောင်မလေးက လဲကျနေကာ သတိလစ် မေ့မြောနေပြီဖြစ်၏။

ကျွန်တော်လည်း ဘာလုပ်လို့လုပ်ရမှန်းမသိ တွေဝေနေမိသည်။ သူမကို အကဲခတ် ကြည့်လိုက်မိသည်။ တော်ရုံမိန်းမချောများကို ချီးမွမ်းလေ့မရှိသော ကျွန်တော် သူမကိုမြင်တော့ စက္ကန့်ပိုင်းမျှ မှင်တက်စွာ ကြည့်နေမိသည်။

ချောမောလှပလွန်းသော နှင်းပွင့်ရောင်မျက်နှာလေးက လရောင်အောက်မှာပင် တောက်ပစွာ ရှိနေ၏။ ပိတုန်းရောင်ဆံနွယ်ရှည်တို့က ကွန်ကရစ်ကြမ်းပေါ် ပြန့်ကျဲနေသော်လည်း လှပစွာရှိနေ၏။ သူမ၏ အဖြူရောင်ဝတ်စုံကတော့ အချို့နေရာများတွင် ပေကျံစွန်းထင်းနေ၏။ သူမ၏ဝမ်းဗိုက်ညာဘက်နေရာကို မျက်စိရောက်သွားမိသည်။

"ဟင် ..."

"သွေးတွေ စိမ့်ထွက်နေပါလား ..."

အဖြူရောင်ပိတ်သားက အနည်းငယ် ပြတ်ထွက်နေပြီး ပြတ်ရှဒဏ်ရာမှ သွေးများက အဖြူရောင် အဝတ်စားကို စွန်းထင်းနေစေ၏။ ခန္ဓာကိုယ်

အောက်ပိုင်းတစ်ခုလုံး အနီရောင်သဖွယ် ဖြစ်နေ၏။

ထိုစဉ် သူမ ရုတ်တရက် သတိရလာပြီး ကျွန်တော့်၏ ဘယ်လက်မောင်းကို ဆုပ်ကိုင်လိုက်၏။

လျှင်မြန်လွန်းလှ၍ ကျွန်တော် အနည်းငယ် လန့်သွားမိသည်။

သူမမျက်လုံးတို့ ဖြည်းညင်းစွာ ပွင့်လာ၏။

ကျွန်တော် သူမကို ပြောလိုက်သည်။

"မင်း ... ဒဏ်ရာရထားတယ် ... ဘာမှမပူနဲ့ ငါမင်းကို ဆေးခန်းပို့ပေးမယ် ... ဒီနားမှာ ၂၄နာရီ အထူးကုဆေးခန်းရှိတယ် ..."

"သူမ ဖြည်းညင်းစွာ ခေါင်းခါပြ၏။ မသွားဘူး ... ဆေးခန်း မသွားချင်ဘူး ... ခဏနားလိုက်ရင် သက်သာသွားမှာပါ ... ဖြစ်နိုင်ရင် ရှင့်အိမ်ထဲမှာ ခဏနားလို့ရမလား ..."

"ဟင် ... ဪ ... ရပါတယ် ... ဝင်လေ ..."

သူမ ကြိုးစား၍ မတ်တတ်ရပ်ပါသော်လည်း တုန်ချိအားနည်းနေပုံရ၏။

သူမက ကျွန်တော့်ကိုကြည့်ပြီး...

"နည်းနည်းလောက် တွဲပေးပါလား ကျွန်မ အားသိပ်မရှိလို့ ..."

ကျွန်တော် သူမ၏ ပခုံးတစ်ဖက်ကို ဆုပ်ကိုင်လျက် အိမ်ထဲသို့ တွဲခေါ်လာခဲ့၏။ ဧည့်ခန်း၌ ခဏထားခဲ့ပြီး ဆေးသေတ္တာ သွားယူလာခဲ့၏။

ထို့နောက် သူမကိုပေးလိုက်၏။

"ရော့ မင်းဗိုက်ကဒဏ်ရာ ဆေးထည့်လိုက် ပတ်တီးလည်းပါတယ် ..."

သူမ ညည်းတွားနေရင်းမှ ...

"ဟာ ... ရှင်ကလည်း ... ဘယ်လိုလုပ် ကိုယ့်ဘာသာ လုပ်လို့ရမှာလဲ ...

ရှင်လုပ်ပေးလေ"

"ဟို ... ခင်ဗျားဒဏ်ရာက ဗိုက်မှာဗျ ... အင်္ကျီလှန်ရလိမ့်မယ် ..."

"ရတယ် ... လှန်လိုက် ..."

"ဗျာ ..."

"ကျွတ် ... ရပါတယ် လိုအပ်လို့လုပ်တာပဲကို ရှင်သာ စိတ်ထဲကရိုးသားရင် ပြီးရော ..."

သူမစကားကြောင့် ကျွန်တော်ပြုံးမိ၏။

သူမ၏ဒဏ်ရာကို ဆေးထည့်ပေးရင်း ကြည့်မိသည်။

"ဟာ ... တော်တော်များတယ်ဗျ ... ဆေးခန်းမသွားလို့ မဖြစ်ဘူး ..."

သူမ ခေါင်းကို ခါယမ်းပြန်၏။

"မသွားချင်ဘူး ... ရတယ် ပတ်တီးစည်းထားလိုက်ရင် နောက်နေ့ သက်သာသွားလိမ့်မယ် ..."

"တော်တော်များလို့ ပြောနေတာ ..."

"ရပါတယ်ဆို ..."

"ဆေးခန်းသွားမှဖြစ်မယ် ခင်ဗျားဒဏ်ရာက ချုပ်မှရမှာ ..."

"ဒါဖြင့်ရင်လည်း ... မနက်မှ သွားမယ်နော် ... အခု အရမ်းအိပ်ချင်နေလို့ ပါ ..."

"ဟင် ... ဒီမှာ အိပ်မှာလား ..."

"အင်းလေ တစ်ညတည်းပါ ဒီညွှေ့ခန်းမှာပဲ အိပ်ပါ့မယ် ကူညီပါနော် ..."

"အင်းလေ ... ဒီတစ်ညတော့ ငါကူညီလိုက်မယ် ... အောက်ထပ်မှာတော့ အခန်းလွတ်ရှိပါတယ် ... မင်း အဲဒီအခန်းမှာ အိပ်လိုက်ပေါ့ ... ဒီဘက်အစွန်

အခန်းပဲ ..."

"ကျေးဇူးတင်ပါတယ် ... ရှင့်ရဲ့အိမ်က လုံခြုံမှုရှိရဲ့လား ..."

"ရှိတာပေါ့ကွ ... ဘာလဲ ခုနက မင်းနောက်လိုက်လာတဲ့လူကို ကြောက်လို့လား"

"မင်းကို ခုနတုန်းက အန္တရာယ်လိုက်ပေးနေတာ ဘယ်သူလဲ ... မင်းက ရော လူကောင်း ဟုတ်ရဲ့လား ..."

သူမထံမှ တုံ့ပြန်သံ မကြားရတော့ပါ။

ကျွန်တော် နောက်ထပ် စကားမပြောနိုင်ခင်မှာပင် သူမက အိပ်ပျော်နေပြီ ဖြစ်၏။

သူမ မည်သူမည်ဝါ လူဆိုးမှန်း လူကောင်းမှန်း မသိရသော်လည်း သူမ၏ဥပတိရုပ်ကလေးကို ထောက်ရှု၍ လူကောင်းတစ်ယောက်ဟုသာ မသိစိတ်က ဘက်လိုက်ပြီး သတ်မှတ်မိပါ၏။

***

မနက်မိုးလင်းစပြုနေပြီ ဖြစ်သည်။ ကျွန်တော်လည်း နိုးလာခဲ့သည်။ အိပ်ခန်းထဲတွင် မဟုတ် ဧည့်ခန်းထဲတွင်ဖြစ်၏။ ညက ဧည့်ခန်းဆိုဖာတွင် ထိုင်ရင်း အိပ်ပျော်သွားခဲ့ခြင်း ဖြစ်၏။

နာရီကြည့်လိုက်တော့ ၆နာရီ မထိုးသေးပါ။ ရေငတ်လာ၍ ရေခဲသေတ္တာရှိရာသို့ လျှောက်လာခဲ့၏။

ရေခဲသေတ္တာရှေ့၌ ဒူးထောက်ထိုင်၍ သူမ တစ်စုံတစ်ခုကို စားသောက်နေ ဟန်ရှိ၏။

ကျွန်တော် လှမ်းမေးလိုက်၏။

"ဟေ့ ... ဘာလုပ်နေတာလဲကွ ..."

ကျွန်တော့်အသံကြားတော့မှ သူမ ကမန်းကတန်း နှုတ်ခမ်းကို သုတ်နေပုံရ၏။ ပြီးမှ ကျွန်တော့်ကို လှည့်ကြည့်၍ ပြုံးပြ၏။

"ဘာမှမလုပ်ပါဘူး ... ဗိုက်ဆာလို့ စားစရာရှာနေတာ ..."

"ဩော် ... အသီးတွေက အပေါ်ထပ်မှာလေကွာ ... မင်းရှာနေတာ အသားထားတဲ့ အထပ်ကြီး ..."

"ဩော် ... ဟုတ်လား ... အင်း ... ပြီးမှ စားတော့မယ် မျက်နှာ အရင်သစ်လိုက်ဦးမယ် ... ရေချိုးခန်းက ဘယ်ဘက်လဲ ..."

"အမယ် ... သူ့အိမ်ကျနေတာပဲ ... ဒီတည့်တည့်ကိုသွား ညာဘက်မှာ တွေ့လိမ့်မယ် ..."

ကျွန်တော် အံ့ဩမိချေ၏။ ညက ရထားသောဒဏ်ရာမှာ အသက် မသေလောက်သော်လည်း အတော်ပင် များလှ၏။ ယခု သူမကိုမြင်ရသည်မှာ ညက ဘာမှမဖြစ်ခဲ့သည့်အလားပင် ထင်ရ၏။ လန်းဆန်းပြီး နာကျင်မှုမရှိသယောင်ပင်။

သူမထွက်သွားတော့ ကျွန်တော် ရေဘူးတစ်ဘူးကို ဖွင့်သောက်လိုက်၏။ ထို့နောက် မနက်စာ စားစရာမရှိသဖြင့် ဟင်းချက်ရန် စိတ်ကူးမိ၏။

အပြင်သို့ ဒီနေ့ ထွက်စားလိုစိတ် မရှိပါချေ။

မနေ့ညနေက ဝယ်ထားသော ဆိတ်သားစိမ်းဖော့ခွက်ကို ရေခဲသေတ္တာထဲမှ ထုတ်ယူလိုက်၏။

"ဟင် ..."

ဖော့ခွက်သာရှိတော့ပြီး ဆိတ်သားစိမ်းများ မရှိတော့ပါ။

***